# အစဉ်လန်းမည့် ပန်းပွင့်များ

**အရှင် ဉာဏိက**

ဦးဇင်းသာမဏေဘဝ၊ ရေဦးမှာနေစဉ်ကပေါ့၊ စာဝါပိတ်လို့ ရွာကိုအလည်ပြန်ခိုက် ရွာကစာဖတ်ဝါသနာပါတဲ့ ဦးကြီးတော်သူတစ်ဦးနဲ့ စကားပြောဖြစ်ပါတယ်၊ ဟိုဟိုဒီဒီ ထွေရာလေးပါးစကားပြောကြရင်း စာအကြောင်းပေအကြောင်းကို ရောက်သွားပါတယ်၊ ဒီမှာဦးကြီးက သူတို့လိုသာမာန်လူသားများ နားလည်နိုင်လောက်မည့် ဘာသာရေးဆိုင်ရာစာအုပ်တစ်အုပ်ကို ညွှန်းဆိုဖို့ပြောပါတယ်၊ ဒီတော့ ဦးဇင်းက ကောက်ကာငင်ကာပဲ ဆရာကြီးဦးသုခရဲ့ မေတ္တာသုတ်ဆိုတဲ့စာအုပ်ကို ညွှန်းခဲ့ပါတယ်၊ ဦးဇင်းကိုယ်တိုင်လည်းပဲ ဒီမေတ္တာသုတ်ဆိုတဲ့စာအုပ်ကို သူငယ်ချင်းစာသင်ဖက်မိတ်ဆွေတစ်ဦးဖြစ်တဲ့ အရှင်ဥတ္တရ(ကန့်ဘလူ)ဆီကနေ ငှားဖတ်ပြီးစလည်းပဲ ဖြစ်ပါတယ်။ မှတ်မှတ်ရရ ဦးဇင်းရဲ့ဘဝမှာ သုံးရက်အတွင်း နှစ်ခေါက်ဆုံးအောင်ပြန်ဖတ်ခဲ့တဲ့ စာအုပ်ဆိုလို့ ဒီတစ်အုပ်တည်းပဲ ရှိခဲ့ဘူးပါတယ်၊ ဒီလောက်ထိပဲ ဆရာကြီးရဲ့ မေတ္တာသုတ်က ဦးဇင်းကို ဆွဲခေါ်နိုင်ခဲ့ပါတယ်။ ဒါတင်မက ဒီမေတ္တာသုတ်ဆိုတဲ့ စာတစ်အုပ်ဟာ ခုလို ဘာသာရေးဆိုင်ရာစာတိုပေစလေးတွေရေးဖြစ်ဖို့ အကြောင်းများထဲက တစ်ခုသော အကြောင်းအဖြစ်လည်း ပါဝင်လာခဲ့ပါတယ်။



ဒီမေတ္တာသုတ်ကို နှုတ်ကနေတတွတ်တွတ် အကြိမ်ပေါင်းများစွာရွတ်ဖတ်ခဲ့ပေမယ့် မေတ္တာသုတ်ရဲ့သဘောအဓိပ္ပါယ်ကို ဆရာကြီးရဲ့မေတ္တာသုတ်ကို မဖတ်ရမီအချိန်အထိ ရေရေလည်လည် နားမလည်ခဲ့ပါဘူး၊ မေတ္တာသုတ်ဟာ နေ့စဉ်လူမှုဘဝမှာ ဘယ်လိုအသုံးကျတယ်၊ ဘယ်လိုအသုံးဝင်တယ်ဆိုတာကိုလည်း ဆရာကြီးစာကိုဖတ်ပြီးကာမှ နားလည်နိုင်ခဲ့ပါတယ်၊ ဒါကြောင့်ကိုယ်အနှစ်သက်ဆုံးဖြစ်တဲ့ စာအုပ်တစ်အုပ်ကို ဦးကြီးဖြစ်သူကို ညွှန်းဆိုခဲ့ခြင်းဖြစ်ပါတယ်၊ ခုလို ဦးကြီးကိုယ်တိုင် ဘယ်စာအုပ်ကောင်းသလဲလို့ အမေးရှိပေမယ့် သူကိုယ်တိုင်စာအုပ်တစ်အုပ်ကို ဝယ်ဖတ်နိုင်လောက်အောင် အင်အားမရှိဘူးဆိုတာကိုလည်း ဦးဇင်းကောင်းကောင်းနားလည်ပါတယ်၊ တကယ်လို့ ဦးဇင်းညွှန်းဆိုတဲ့ စာအုပ်ဟာ ရွာဦးကျောင်းဆရာတော်ရဲ့ စာအုပ်ဘီရိုထဲမှာရှိခဲ့လျှင် ဆရာတော်ထံကငှားရမ်းပြီး ဖတ်နိုင်အောင်လို့သာ သူလည်းမေးခဲ့ခြင်းဖြစ်ပါတယ်၊  ဒါကြောင့်နောက်တခေါက်ရွာကိုအလည်ပြန်လာခဲ့ရင်  မြို့ကဦးဇင်းရဲ့မိတ်ဆွေထံက ခဏငှားပေးဖို့ကိုလည်း ဦးကြီးက တစ်ပါတည်းလျှောက်ထားခဲ့ပါတယ်၊ ဦးဇင်းစိတ်ထဲမှာတော့ ဒီစာအုပ်ကို ဦးကြီးအပါအဝင် ရွာကစာဖတ်ဝါသနာပါသူတွေပါ ဖတ်နိုင်အောင် အပိုင်ဝယ်ပြီး ဓမ္မလက်ဆောင်အဖြစ်ပေးလိုက်မယ်လို့ စိတ်ကူးထားခဲ့ပါတယ်။

နောက်နှစ်နွေ စာဝါတွေပိတ်လို့ရွာကိုပြန်မယ်လုပ်တော့ အရင်နှစ်က ဦးကြီးလျှောက်ထားခဲ့တဲ့စကားကို ပြန်လည်အမှတ်ရမိပါတယ်၊ ဒါကြောင့် ရွာပြန်လက်ဆောင်ကောင်းတစ်ခုအဖြစ် ဆရာကြီး ဦးသုခရဲ့မေတ္တာသုတ်ကိုဝယ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ ဒါနဲ့ စာအုပ်ဆိုင်ကိုသွားပြီးဈေးစုံစမ်းတော့ နှစ်ဆယ့်နှစ်ကျပ်လို့ပြောပါတယ်၊ အဲဒီအချိန်က သံဃာတော်များဝတ်ရုံတဲ့ ပိတ်သင်္ကန်းတစ်စုံမှာမှ ခုနှစ်ဆယ့်ငါးကျပ်ခန့်လောက်ပဲ ဈေးရှိပါတယ်၊ ဒါကြောင့် နှစ်ဆယ့်နှစ်ကျပ်ဆိုတဲ့ငွေဟာ သင်းပိုင်(အောက်ပိုင်းကိုယ်ဝတ်သင်္ကန်း) တစ်ထည်ဖိုးနီးပါးလောက်ဈေးရှိပါတယ်၊ သာမဏေဘဝတစ်လျှောက်လုံး ဘယ်သောအခါမှာမှ သင်္ကန်းသုံးစုံထက်ပိုပြီး မထားနိုင်ခဲ့တဲ့ဦးဇင်းအဖို့ ဒီနှစ်ဆယ့်နှစ်ကျပ်ဆိုတဲ့ငွေကြေးဟာ အလွန်အင်မတန်မှ များတဲ့ငွေကြေးပါ၊ နောက်ပြီး ဒီနှစ်ဆယ့်နှစ်ကျပ်ဟာ ဦးဇင်းတို့ရဟန်းသာမဏေများရဲ့ စာမေးပွဲဆိုင်ရာ မစိုးရိမ်ဗိုကာကျော် အမေးအဖြေလို၊ အဘိဓမ္မာကူညီရေးလို စာအုပ်မျိုးတစ်အုပ်ဝယ်နိုင်လောက်တဲ့ အနေအထားလည်းပဲဖြစ်ပါတယ်၊ မိဘများကလည်း ဆင်းရဲနွမ်းပါးသူများဖြစ်၊ အခြားကလည်း အထောက်အပံ့မရှိတာကြောင့် ခုလိုစာမေးပွဲဆိုင်ရာစာအုပ်တစ်အုပ်ဝယ်နိုင်ဖို့ အဲဒီတုန်းက ဦးဇင်းမှာ တစ်နှစ်လောက် စုခဲ့ရစောင့်ခဲ့ရတာပါ၊ တကယ်လို့ ဆရာကြီးရဲ့ ဒီမေတ္တာသုတ်ဆိုတဲ့စာအုပ်ကိုဝယ်ခဲ့မယ်ဆိုလျှင် ဒီတစ်နှစ်အတွင်း ဦးဇင်း(ထိုစဉ်က ကိုရင်)အလိုရှိတဲ့ တခြားစာအုပ်ကို ဝယ်နိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့်စာအုပ်ဆိုင်ကိုရောက်ပြီးကာမှ ဆရာကြီးရဲ့ ဒီမေတ္တာသုတ်ကို ဝယ်သင့်မဝယ်သင့်ချီတုံချတုံနဲ့ မဆုံးဖြတ်နိုင်ပဲ ကျောင်းကိုပြန်လာခဲ့ရပါတယ်။

ကျောင်းကိုရောက်တော့ ညအိပ်ရာထဲမှာ ဩော် ငါ့နှယ် နေ့လည်က ဒီစာအုပ်ကို ဝယ်လာရအကောင်းသား၊ နှမြောတွန့်တိုနေတာနဲ့ မဝယ်ဖြစ်ခဲ့ဘူးလို့တွေးပြီး ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်မိပြန်ပါတယ်၊ အင်းငါဒီစာအုပ်ဝယ်လိုက်ရင် ငါလိုချင်နေတဲ့ ဝိနည်း ဝိသဇ္ဇနာဝရဇိန်စာအုပ်တော့ ဒီနှစ်ဝယ်နိုင်တော့မှာ မဟုတ်ဘူး၊ ဒီတော့ ဝယ်လို့မဖြစ်သေးပါဘူးလေ ဆိုတဲ့အတွေးကလည်း တစ်ဖက်ကဝင်လာပြန်ပါတယ်၊ ဒါကြောင့် ဆရာကြီးရဲ့ ဒီမေတ္တာသုတ်ဆိုတဲ့စာအုပ်ကို ဝယ်ဖို့ မဝယ်ဖို့စိတ်လွန်ဆွဲနေတာနဲ့ပဲ မိုးလင်းခါနီးအထိ အဲဒီညက အိမ်မပျော်နိုင်ခဲ့ပါဘူး၊ မိုးလင်းလုနီးကာမှ ဘာပဲဖြစ်ဖြစ်ငါလိုချင်တဲ့ စာအုပ် မဝယ်ရရင်နေပစေ၊ သူများထံက ငှားကြည့်တော့တယ်၊ ဒီမေတ္တာသုတ်စာအုပ်ကိုတော့ ရွာအပြန်မှာ ယူဖြစ်အောင်ယူသွားရမယ်၊ ဒါကြောင့် မနက်ဖန်မှာ ဈေးကိုတစ်ခေါက်ပြန်သွားပြီး ဝယ်ဖြစ်အောင်ဝယ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုခိုင်ခိုင်မာမာချပြီးကာမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပါတယ်၊ အဲဒီညက အိပ်မက်ထဲမှာတောင်မှပဲ မေတ္တာသုတ် မေတ္တာသုတ် မေတ္တာသုတ်ဆိုတဲ့စာအုပ်တွေဝိုင်းဝိုင်းလည်နေတဲ့ကြားမှာ ကိုယ့်ကိုယ်ကို ကျေနပ်အားရဖြစ်နေခဲ့တဲ့အနေအထားလေးကို ခုတိုင်ပြန်လည်သတိရနေမိပါတယ်။

အဲဒီကစလို့ ဆရာကြီးရဲ့နောက်ထွက်လာတဲ့ ရတနာသုတ်၊ အကျော်ဒေယျဗုဒ္ဓသမီးတော်များ၊ သုခမှတ်စုလိုစာအုပ်မျိုးနဲ့ ချယ်ရီအလှ စာအလှလိုစာအုပ်မျိုးအထိဖတ်ဖြစ်ခဲ့ပါတယ်၊ အထူးသဖြင့်တော့ ဆရာကြီး ဦးသုခဦးဆောင်ခဲ့တဲ့ အမေနေ့ဖြစ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုမျိုး၊ အမေ့အကြောင်းဟောပြောချက်မျိုးကို အထူးပဲသဘောကျ နှစ်ခြိုက်မိပါတယ်၊ ကိုယ်ကိုယ်တိုင်မိဘတစ်ဦးမဟုတ်ပေမယ့် မိဘအရွယ်ရောက်လာသူတစ်ဦးဖြစ်တာကြောင့်လည်း ခုချိန်မှာ မိဘကျေးဇူးတရားကို အရင်ကထက်ပိုပြီး နားလည်လာနိုင်ခဲ့တယ်ရယ်လို့လည်းခံယူမိပါတယ်၊ ဒါကြောင့် ဆရာကြီးရဲ့ အမေ့အကြောင်းဟောပြောချက်များကို မကြာခဏဆိုသလိုပဲ နားထောင်ဖြစ်ခဲ့ပါတယ်၊ အကြောင်းမတိုက်ဆိုင်တာကြောင့် ဆရာကြီးဦးသုခကို လူကိုယ်တိုင်တော့တစ်ခါမှ မဆုံဖြစ်ခဲ့ဖူးပါဘူး။ ဒါကြောင့် သာမဏေဘဝကမက်ခဲ့ရတဲ့ ဦးဇင်းရဲ့ မေတ္တာသုတ်အိပ်မက်အကြောင်းကိုလည်း ဆရာကြီး ဦးသုခသိအောင်ပြောပြခွင့် မရခဲ့ပါဘူး။

သို့ပေမယ့် လူသားတစ်ဦးနဲ့တစ်ဦး နာမ်ပိုင်းဆိုင်ရာတရားတွေဟာဖြင့် တနည်းနည်းနဲ့ ဆက်သွယ်နေတယ်လို့ ဆိုရမလားပါ၊ မနေ့က(ဧပြီလ ၁၀ ရက် ၂၀၀၆) ပဲ ဗာဂျီနီးယားပြည်နယ်မှာနေထိုင်တဲ့ ဦးလေးမောင်ရီ၊ ဒေါ်မြကေသွယ်

လွှင် မိသားစုကပေးပို့လိုက်တဲ့ စာအုပ်ငယ်နှစ်အုပ်ရယ်၊ ချက်တစ်စောင်ရယ်၊ စာတိုလေးတစ်စောင်ရယ်ကို လက်ခံရရှိခဲ့ပါတယ်၊ စာထဲမှာ "ဆရာတော်ဘုရား၊ ဆရာတော်ရေးသားခဲ့တဲ့ ဆောင်းပါးလေးကို ဆရာကြီးဦးသုခရဲ့ ဈာပနမှာ ဓမ္မဒါနအဖြစ်ဝေခဲ့ပါတယ်၊ တပည့်တော်တို့ အဖိုးနှင့်အဖွားကသဘောကျ၍ ထပ်မံရိုပ်နှိပ်ပြီး ဓမ္မဒါနအဖြစ် ဆက်လက်ဖြန့်ဝေပေးနေပါတယ်၊ အရှင်ဘုရား ဝမ်းသာကြည်နူးမည်ဟု မျှော်လင့်ပါတယ်၊ စာအုပ်ကော်ပီများထပ်မံလိုအပ်ပါက တပည့်တော်တို့ထပ်ပို့ပေးပါမယ်ဘုရား" ရယ်လို့ ရေးထားပါတယ်။ စာအုပ်ရဲ့ ကန်တော့ပန်းထဲမှာလည်း ဆရာကြီးဦးသုခဟာ ဒီဆောင်းပါးကို အင်မတန်မှ ကြိုက်နှစ်သက်ကြောင်း၊ ခဏ ခဏ ထပ်ဖတ်ပြခိုင်းလေ့ရှိကြောင်း၊ ဆရာကြီးဦးသုခ မကွယ်လွန်မီမှာ ဒီဆောင်းပါးကို အနည်းငယ်ဖြန့်ဝေနိုင်ခဲ့ကြောင်း၊ ဆရာကြီးက ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေဖို့ဆန္ဒရှိကြောင်း၊ ဒါကြောင့်ဆရာကြီးရဲ့ဆန္ဒကိုဖြည့်စွမ်းသောအားဖြင့် သူ့ရဲ့နောက်ဆုံးခရီးမှာ ဒီဆောင်းပါးစာအုပ်လေးကို ဓမ္မဒါနအဖြစ်ဖြန့်ချီရတာဖြစ်ကြောင်း စာအုပ်လေးစီစဉ်တဲ့ ကိုရဲမြင့်(မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်း ဖြစ်မြောက်ရေးကော်မီတီ)က ရေးသားထားပါတယ်။

သူတို့စာတွေကိုဖတ်မိပြီး ဆရာကြီးအပေါ်မှာတင်ရှိနေခဲ့တဲ့စာကြွေးတစ်ခုကို မထင်မှတ်ပဲ ငါဆပ်ခွင့်ရလိုက်ပါလားရယ်လို့ အထူးပဲကျေနပ်မိပါတယ်၊ ဂုဏ်ယူစွာလည်းပဲ ဝမ်းမြောက်မိရပါတယ်၊ ကိုယ်လေးစားတဲ့ဆရာကြီးတစ်ဦးက ကိုယ့်ရဲ့ဆောင်ပါးစာတိုလေးတစ်ပုဒ်ကိုဖတ်မိပြီး "ကျွန်တော်တို့တတွေ ဗုဒ္ဓဘာသာမြန်မာဖြစ်ရတာ ကျေနပ်စရာနော်" ရယ်လို့ ဂုဏ်ယူစွာ ထုတ်ဖော်ပြောခဲ့တာ၊ နောက်ပြီး ဒီဆောင်းပါးလေးကိုပဲ အများသူငါတွေကို လက်ဆင့်ကမ်းဖြန့်စေဖို့စိတ်ကူးဖြစ်ခဲ့တာ၊ ဒါတွေဟာ ရတောင့်ရခဲတဲ့အခွင့်အရေးတစ်ခုပါ၊ အချင်းချင်းသိကျွမ်းခင်မင်လို့၊ ဒါမှမဟုတ် ကိုယ်ကနာမည်ကြော်ကြားထင်ရှားသူမို့စတဲ့ အကြောင်းအရာတွေနဲ့ မပတ်သက်ပဲ တကယ့်ကိုမှ ဓမ္မသက်သက်နဲ့ ဆရာကြီးရဲ့သဘောကျနှစ်သက်မှုကိုရရှိခဲ့တာမို့လည်း ပိုမိုပီတိဖြစ်မိပါတယ်။ ဆရာကြီးရဲ့နောက်ဆုံးခရီးကို ကိုယ်တိုင်လိုက်ပါမပို့ဆောင်နိုင်ခဲ့ပေမယ့် ကိုယ့်ကိုယ်စား ဆရာကြီးနှစ်သက်တဲ့ ကိုယ့်စာတိုဓမ္မဆောင်းပါးလေး ဆရာကြီးရဲ့အလောင်းစဉ်ဘေးမှာ ဝေ့ဝဲနေလေခဲ့တာကလည်း အမှတ်တရဖြစ်စရာတစ်ခုပါ။

ဆရာကြီးမကွယ်လွန်မီမှာ ဆရာကြီးထံကို ဦးဇင်းရဲ့ဆောင်းပါးလေး နာကြားနိုင်အောင် အရောက်ပို့ဆောင်ခဲ့ကြတဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောချင်ပါတယ်၊ ဆရာကြီး ဦးသုခတို့လို **Mark** တို့လို နှစ်လုံးသားဖြူစင်တဲ့သူတွေအတွက် ကောင်းရာမွန်ရာရောက်ပါစေရယ်လို့ ကျန်ရစ်သူတွေ၊ လေးစားချစ်ခင်သူတွေက အထူးတလည် ဆုတောင်းပေးနေဖို့ လိုမယ်မဟုတ်ပေမယ့် ဆရာကြီး ဦးသုခနှင့် **Mark** ရောအတွက်ပါ ဆရာကြီးအသုံးပြုနေကြ ဆုတောင်းစကားလေးနဲ့ အမှတ်တရဒီစာလေးကို ဦးဇင်းအဆုံးသတ်ချင်ပါတယ်၊သုခီ အတ္တာနံ ပရိဟရန္တု ၊သုခီ အတ္တာနံ ပရိဟရန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု ရယ်လို့ပါ။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက
April 11, 2006